ဝိုးညို

# My Excellent Husband

(Chapter - 3)



# အပိုင်း(၁၆)

မိုမို့တို့ အိမ်သို့ပြန်ရောက်သော် အရီးတို့က ဖြီးလိမ်းပြင်ဆင်ပြီး မီးပုံသဘင်ဆင်နွှဲကာ ဥပုသ်တရားနာယူရန် ဘုန်းကြီးကျောင်းသွားဖို့ အဆင်သင့် ဖြစ်နေလေပြီ။ နုဒါလေး၏ အသံမကြားသဖြင့် အကောင်ပေါက်လေးမှာ အိပ်နေသေးသည်ထင်၏။

"မောင်ရင်တို့ ပြန်လာကြပလားကွဲ့၊ ပျော်ရောပျော်ခဲ့ကြလား ..."

"ဟုတ်ကဲ့ အရီး။ ဒါနဲ့ အရီးက မသွားသေးဘူးလား"

"ဟုတ်တယ်ကွဲ့၊ မြေးငယ်လေး အိပ်နေသေးတာနဲ့ မောင်ရင်တို့အလာကို စောင့်နေကြတာ။ မင့်ဘကြီးလည်း ခုနလေးကမှ ထွက်သွားတာရယ် ..."

"သည်လိုဆိုဖြင့် အားနာလိုက်တာ အရီးရယ် ..."

မျက်လုံးမှိတ်ကာ လမ်းလျှောက်နေသည့် မိုမိုအား အိမ်ပေါ်ဆွဲတင်ရင်းက အရီးအား အားနာစကား ဆိုရသည်။ ထိုကောင်လေးဟာဖြင့် တစ်ညလုံး မအိပ်ရသေးသဖြင့် အလွန်အမင်း အိပ်ချင်နေကာ ကိုယ့်ခန္ဓာကိုယ်ပင် မသယ်နိုင်တော့။ တစ်လမ်းလုံးလည်း မပြင်မစမ်းနှင့် ခလုတ်တိုက်လာရာ ချော်လဲပြီး နဖူးနာမည်စိုးသောကြောင့် ဘေးကနေ တွဲကူပေးထားရသည်။

"နေပါတော် ... ဒါဖြင့် ကျုပ်သွားချေမယ်။ ကောင်မလေးတွေဟာလည်း သည်ကနေ့တော့ ပွဲထဲမှာ အချိန်ကုန်မယ့်ပုံပေါ်တယ်။ မောင်ရင်တို့ ဘုန်းကြီးကျောင်းကို မလိုက်လာတော့ဘူးဆို ကောင်လေးတစ်ယောက်နဲ့ နေ့လယ်စာအမီ ထမင်းပို့ခိုင်းလိုက်မယ်"

"ရတယ် အရီးရဲ့ စိတ်ဖြောင့်ဖြောင့်သာသွား ကျုပ်တို့အတွက် မပူနဲ့။ တစ်ရက်တလေ ဖြစ်သလို စားလိုက်လို့လည်း ဖြစ်တယ်ရယ်"

"ရွာမှာက သည်ကနေ့ မီးခိုးတိတ်လေ ... တစ်အိမ်တက်ဆင်း ထမင်းလိုက်ဝေကြမှာ တကူးတက မဟုတ်ဘူး။ ကဲပါလေ ... ကျုပ် ကြည့်ကြပ်စီစဉ်ပါ့မယ်။ ခု မင့်ယောက်ျားကို သွားသိပ်ချည်တော့ ဟိုမယ် ပြုတ်ကျတော့မယ်။ ကျုပ်လည်း သွားပြီ ..."

"ကောင်းပြီ အရီး ..."

အရီးထွက်သွားသည်နှင့် ခွေးကထစ်နားအိပ်ဖို့ ပြင်နေသည့် ယောက်ျားပေါက်စအားပွေ့ကာ အိပ်ခန်းထဲထည့်သိပ်ဖို့ ပြင်ရသည်။ ထို့နောက် တစ်ဖက်ခန်း၌ အိပ်နေသည့်သားကိုပါ မနိုးအောင် သွားခေါ်လာခဲ့ကာ မိုးသောက်အာရုံလာခါမှ (၃)ယောက်သား အိပ်စက်ခြင်းဆီသို့ ရောက်ရှိသွားတော့၏။

***

မိုမို အိပ်ရေးဝ၍ နိုးလာခဲ့သည်မှာ ဘုန်းကြီးကျောင်းမှ နေ့ဆွမ်းစားဖို့ ခေါက်သည့် အုန်းမောင်းသံကြောင့် ဖြစ်၏။ တစ်အိမ်လုံး တိတ်ဆိတ်နေပြီး အိမ်နောက်ဘက်မှ နုဒါလေး၏ ရယ်သံကို တစ်ချက်တစ်ချက် ကြားရ၏။ သို့သော် ရာသီဥတုမှာ ပူလွန်းသဖြင့် ရေအရင်ချိုးရန်သာ ဆုံးဖြတ်ပြီး ရေလဲဝတ်ယူကာ အိမ်ရှေ့ရေချိုးရာနေရာသို့ ထွက်ခဲ့လိုက်တော့သည်။

ရေမိုးချိုးပြီး ခြံထဲဆင်လျှင် ဘူးစင်အောက်ထိုင်ကာ နွားရုပ်လုပ်နေပုံရသော မောင်တို့သားဖအား လှမ်းမြင်ရသည်။

"မောင် ... ကျွန်တော် ဗိုက်ဆာပြီ"

"ရေတောင်ချိုးပြီပကော။ ဘယ်ကတည်းက နိုးနေတာတုံး"

"ခုနကမှ ..."

"မိုမို ... မိုမို"

"ဗျာ ..."

"ချီပါ ... နုဒါကို ချီပါ ..."

နုဒါလင်းမောင်မှာ မိုမို့အားမြင်သည်နှင့် ဝမ်းသားအားရ လက်နှစ်ဖက် ဆန့်ပြီး ပြေးလာကာ ချီခိုင်းလေတော့သည်။ သို့သော် မောင်က ပခုံးမှ နေကာ ပြန်ဆွဲထားသဖြင့် ရှေ့သို့မရောက်နိုင်ဘဲ ရှိနေရာ နုဒါလေးမှာ ဖအေ လုပ်သူအား ပေစောင်းစောင်းနဲ့ လှည့်ကြည့်ပြီး ...

"ဘာကျစ်လို့လဲ ဖေကြီး ...။ နုဒါ မိုမို့ဆီ သွားမို့ဟာကို ..."

"ရေချိုးရမယ်လေ မိုမိုက ရေချိုးပြီးသွားပြီ။ သားက ပေပေကြီးနဲ့ သွား ကိုင်လိုက်ရင် မိုမို ညစ်ပတ်သွားမှာပေါ့ ..."

"ဒါမယ့် ... ဒါမယ့် နုဒါက ခု ချီခံချင်တာလေ ..."

"ခု ချီခံလို့မရဘူး။ မိုမိုက ညစ်ပတ်တဲ့ ကလေးတွေကို မချီဘူးတဲ့"

ရေချိုးချင်ပုံ မရသော နုဒါလင်းမောင်မှာ မောင့်စကားအား လက်ခံချင်ပုံမ ရ။ ခွေးပေါက်ကလေးတွေလို မျက်လုံးများနှင့် မိုမို့ဘက်လှည့်ကာ ...

"မိုမို ... မိုမိုက နုဒါကို မချီချင်ဘူးဆို ဟုတ်လားဟင်"

"အင်း မိုမိုက ဖိုးလုံးလေးလို ရေချိုးပြီး ချစ်ဖို့ကောင်းနေတဲ့ ကလေးတွေ ကိုမှ ချီချင်တာရယ် ..."

ဖိုးလုံးသည် မိုမိုတို့ သည်ရွာကိုရောက်ကတည်းက နုဒါလေးနှင့်ကစားဖို့ လာသည့် ကလေးများထဲမှ တစ်ယောက်ဖြစ်၏။ ထိုကလေးမှာ ရွာက တခြားကလေးများနှင့်မတူ အမြဲတစေ သန့်ရှင်းနေပြီး တွေ့လိုက်တိုင်း သနပ်ခါးအဖွေးသားနှင့်ဖြစ်သည်။ နုဒါလေးသည် အစက ထိုကလေးအား

လက်ခံကာ အတူတူဆော့သော်လည်း မိုမို့ကို အရမ်းကပ်သဖြင့် ကြည့်မရ ဟု ပြောဖူးသည်။ တစ်ရက် အရီးတို့ ဝိုင်းထဲ၊ ရွာထဲမှကလေးများစုပြီး ဆော့နေချိန် ရေချိုးပြီး သနပ်ခါးအဖွေးသားနှင့် ဆင်းလာသည့် မိုမို့ကို မြင်သော ဖိုးလုံးလေးမှာ ပြေးလာကာ 'မိုမိုက သိပ်လှတာပဲ သားကြီးလာရင် မိုမို့ကို လက်ထပ်လို့ရသလား' ဟုမေးကတည်းက နုဒါလင်းမောင်မှာ ထိုကလေးအား ဝိုင်းထဲ အဝင်မခံတော့ပေ။

"ဖေ့ ... ဖေ့ ... နုဒါတို့ ရေသွားချိုးရအောင်။ မိုမို နုဒါ ကျန်လာတဲ့အထိ စောင့်နေနော် ...။ ဖေ့ ... မြန်မြန် ... မြန်မြန်လာပါဆို"

"ဟား ... ဟား ... ငါ့သားကတော့ တကယ့်စံပဲ။ ဖြည်းဖြည်းသွားပါကွ ချော်လဲနေမယ်"

ရေမချိုးချင်သော ဆိတ်ကလေးမှာ ရေချိုးရန် တက်ကြွလာကာ ဖအေလုပ်သူထက်ပင် ရှေ့ရောက်နေ၏။ အူပုပ်ကလေးကြောင့် မိုမိုရော မောင်ပါ ပြိုင်တူ ရယ်မိကြလေသည်။

***

ရွာများတွင် ဥပုသ်ပေးသည်က ထိုနေ့တစ်နေ့လုံး ဥပုသ်ယူမည့်ကျောင်းတွင် တစ်နေကုန်နေရပြီး ညလည်းအိပ်ရကာ နောက်နေ့မနက်မှ ငါးပါးသီလယူပြီး အိမ်ပြန်ရ၏။ ထိုသို့ဖြစ်ရာ အရီးနှင့်ဘကြီးသည်လည်း လပြည့်ကျော်တစ်ရက်နေ့မှ အိမ်သို့ ပြန်လာကြသည်။ အိမ်တွင် လူစည်လာသော် နုဒါလင်းမောင်ဟာ မိုမို့အား ပလစ်ပြီး လာသမျှလူများနှင့် ပျော်ပါးနေတော့သည်။

"ပျင်းနေသလား မိုမို ...။ မောင် အပြင်သွားမို့ လိုက်ခဲ့မလား"

မောင်က ထိုသို့ဆိုလာလျှင် နုဒါအား စိတ်ကောက်နေသော မိုမိုဟာ ဘယ်

လဲတောင် မမေးတော့ မောင့်နောက် ကောက်ကောက်ပါအောင် လိုက်သွားတော့သည်။

မိုမို့တို့ ခု ရောက်နေသောနေရာမှာ ရွာဦးဘုန်းကြီးကျောင်း ဖြစ်သည်။ ရွာရောက်ကတည်းက နေရာအနှံ့ ခြေရှုည်နေသော မိုမို့ကို မောင်က မြို့တော်မပြန်ခင် ဘုန်းကြီးကျောင်းသို့ ခေါ်လာခြင်းဖြစ်မည်။

ဘုန်းကြီးကျောင်းမှာ ရွာကျောင်းဖြစ်သော်လည်း ရေနံချေးဝနေသော ကျွန်းပြားများ၊ တိုင်များထက်ရှိ ရွှေပိန်းချ နဂါးရုပ်တို့ကြောင့် မြို့ပေါ်ရှိ ကျောင်းများထက်ပင် ခမ်းနားကာ ကျောင်းပရဝုဏ်အတွင်း အလှဆင်ထားသော ကနုတ်ပန်းများသည်လည်း နန်းငွေ့နန်းဟန်ကို ပေးစွမ်းနေ၏။ ကျောင်းပေါ်တက်သွားသော် ပရိဘောဂ အနည်းငယ်နှင့် သပ္ပာယ်စရာကောင်းလွန်းသော ဘုရားခန်းကြီးဟာ ကျောင်းထိုင်ဆရာတော်ကြီး၏ ရောင့်ရဲတတ်သော အကျင့်နှင့် ဘုရားသားတော် အစစ်ဖြစ်ကြောင်း ဖော်ပြနေသယောင်။

ဆရာတော်ကြီးမှာ သက်တော်ဝါတော် အတော်ကြီးနေပုံရပြီး ဘုရားကျောင်းဆောင် (ဘုရားစင်)အောက် ဖောက်ထားသည့် ပြတင်းပေါက်ဘေး စားပွဲပုလေးနှင့် ထိုင်ကာစာဖတ်နေ၏။ မိုမို့တို့ လာသည်ကိုလည်း မြင်ပုံမရ။

"အရှင်ဘုရား ... တပည့်တော်တို့ လာပါတယ်"

တိတ်တဆိတ် ဘုရားဝတ်ပြုပြီးနောက် မောင်က ဆရာတော်ကြီးအား ရောက်ရှိကြောင်း အသိပေးလိုက်၏။ ထိုအခါမှ စာအုပ်ထဲ စျာန်ဝင်စားနေသော ဆရာတော်ကြီးက မော့ကြည့်လာပြီး ...

"ဒကာကြီးတို့ပါလား ဘယ်က လှည့်လာသတုံးကွဲ့"

"သည်ကိုပဲ လာတာပါဘုရား။ ဒါက တပည့်တော်ရဲ့ အိမ်ထောင်ဖက်ပါ။ သူ့ကို အသိပေးတော့မလို့ပါ ဘုရား"

မောင့်စကားကြောင့် ဆရာတော်ကြီးက မျက်မှန်အပေါ်မှကျော်ကာ မိုမို အား ကြည့်လာသဖြင့် လက်အုပ်ချီကာ အမြန်မိတ်ဆက်လိုက်သည်။

"မြို့အုပ်မင်းရဲ့ အမျိုးသားပါ။ မင်းခေတ်မိုလို့ ခေါ်ပါတယ်ဘုရား"

ဆရာတော်ကြီးက အသိမှတ်ပြုသလို ခေါင်းညိတ်ပြပြီးနောက် အကြည့် လွှဲသွားတော့သည်။

"ရေစက်ရှိရင်ဖြင့် ပြန်ဆုံတွေ့ကြရတယ်ဆိုတာ မှန်သကိုး။ သဘာဝတရားကြီးတောင် ကျော်လွန်ပြီး ပြန်ဆုံတွေ့ကြရတာပဲ။ ကောင်းပါ တယ်လေ ကံစီမံရာပေါ့။ ကောင်းမွန်တဲ့ရေစက်ကြောင့် ကောင်းမွန်တဲ့ တွေ့ဆုံခြင်းမျိုးသာ ဖြစ်ကြပါစေ ..."

"တင်ပ့ါဘုရား"

"ဒကာကြီးသန်းထွန်းတို့ ကြာဦိးမယ်ထင်ပ။ ကျောင်းအောက်မယ် ငှက်ပျောသီးတွေ ရှိတယ်။ ကလေးစားဖို့ သွားယူပေလိုက်"

"တင်ပ့ါ ..."

"သည်ကဒကာလေးဟာ မင်းခေတ်မိုနော် ..."

ငှက်ပျောသီးယူဖို့ ထထွက်သွားသည့် မောင့်နောက် လိုက်ကြည့်နေရင်းက ဆရာတော်ကြီး၏ အသံကြောင့် ရှေ့ပြန်လှည့်ကာ ရိုရိုသေသေနှင့် ပြန်ဖြေ လိုက်သည်။

"တင်ပ့ါဘုရား"

"အမုန်းနဲ့အာဃာတဆိုတာ အပူတွေပဲ ဒကာလေး။ သည်ဟာတွေကို ကိုယ်မှာ မမွေးမြူလေနဲ့။ အစွဲဖြစ်တတ်တယ်။ အစွဲတွေဟာ ဘယ်လောက်

ကြောက်ဖို့ ကောင်းသလဲဆို သံသရာက လွတ်မြောက်ဖို့မဆိုသာနဲ့ ဘဝတစ်ခုကနေတစ်ခု ကူးဖို့တောင်ခက်ခဲတာ ဒကာလေးလည်း ကိုယ်တွေ့မဟုတ်လား"

"ဗျာ"

မိုမို အလန့်တကြားနှင့် ဆရာတော်ကြီးအား မော့ကြည့်မိသည်တွင် ဆရာတော်ကြီးက မိုမို့အားသနားစရာ သတ္တဝါကလေးနှယ် ကရုဏာသတ်စွာဖြင့် ကြည့်နေလေ၏။

"အ ... ရှင်ဘုရားက ဘယ်လိုလုပ် ..."

"မမြင်ရတိုင်း မရှိတာမှ မဟုတ်ဘဲ။ သည်ကမ္ဘာကြီးမယ် ထူးဆန်းတဲ့ ဂမ္ဘီရဖြစ်ရပ်တွေဟာ နေရာတိုင်းမှာ ဖြစ်ပျက်နေကြတယ်။ ကိုယ်တိုင်မကြုံဖူးလို့ မရှိဘူးဆိုပြီး လက်မခံလို့မရဘူး။ ကံတရားကို ရှောင်လွှဲလို့မရဘူး။ အရာအားလုံးဟာ ဖြစ်ပြီးရင် ပျက်နေတယ်။ ကံတရားဟာလည်း သည်အတိုင်းပဲ။ အသစ်ပြန်လည်လာတယ် ဆိုပေသိ ပြန်ပျက်ဦးမှာပဲ ဒကာလေး"

"တပည့်တော် ဘာလုပ်သင့်လဲ ဘုရား ..."

"ဒကာလေးကိုယ်တိုင် ရွေးချယ်ရမှာတွေမို့ ဘယ်၍ဘယ်မျှဆိုပြီး ဘုန်းဘုန်းမပြောလိုဘူး။ သို့ပေသိ ဘုန်းဘုန်းမှာချင်တာ တစ်ခုကဖြင့် မည်မျှပင်အားကြီးတဲ့ရန်သူကိုမဆို မေတ္တာဖြင့်သာ အောင်နိုင်ရာ၏တဲ့ ဒကာလေး"

ထို့နောက် ဆရာတော်ကြီးက မျက်လွှာချကာ ကျက်သရေဆောင်ထဲသို့ ဝင်သွားတော့သည်။ မိုမို့မှာသာ ကံကြမ္မာတစ်ပတ် ပြန်လည်လာပြီဟူသော စကားကြောင့် တစ်ကုန်လုံး တုန်ရီကာ ကျန်နေခဲ့တော့သည်။ အဆက်စပ်မရှိ ခေါင်းထဲပေါ်လာသည်က ရေထဲပစ်ချမခံရခင် မမကြီးပြောခဲ့သည့်

'မောင်ဟာ သူ့ဘဝနှင့်လဲခဲ့တယ်' ဟူသည့်စကားပင်။ ထိုအချိန်က အဖြစ်အပျက်များအား ရုပ်ရှင်ပြနေသကဲ့သို့ ပြန်မြင်ယောင်လာပြီးနောက် မိုမို့အား ငုံ့မိုးကာ စိုးရိမ်တကြီးခေါ်နေသည့် မောင့်မျက်နှာကို မြင်လာတော့သည်။

"မိုမို ... မိုမို ဘာဖြစ်သလဲ နေမကောင်းဘူးလား။ မောင့်ကို စိတ်ပူအောင် မလုပ်နဲ့ကွာ ...။ တစ်ခုခုပြန်ဖြေပါဦး"

အသံမှာ တဖြည်းဖြည်း ကြည်လာကာ မောင့်မျက်နှာကိုလည်း ရှင်းလင်းစွာ မြင်ရပြီးနောက် မိုမို အိပ်မက်မက်နေသည် မဟုတ်မှန်း သိလိုက်ရသည်။

"မောင် ..."

"အင်း ... မောင်ရှိတယ်"

မောင့်ရင်ခွင်ကြီးထဲ ထိုးဝင်လိုက်သည်တွင် စိတ်လုံခြုံမှုနှင့်အတူ ဆုံးရှုံးပြီဟု မှတ်ယူထားသည့် အရာတစ်ခုအား ပြန်ရလိုက်ရသကဲ့သို့ အသက်ရှင်ဖို့ရာ အကြောင်းပြချက်တစ်ခု ရှိသွားသကဲ့သို့ ခံစားလိုက်ရသည်။

'ကျေးဇူးတင်ပါတယ်။ အိပ်မက်တစ်ခု မဟုတ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ သည်လူသားနဲ့ ပြန်ဆုံစည်းခွင့် ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်' မိုမို့အား ခိုဝင်ခွင့်ပေးသည့် ရင်ခွင်ကြီးနှင့် ခပ်တင်းတင်း ပွေ့ဖက်ပေးထားသည့် လက်ဖဝါး နွေးနွေးတို့ကြောင့် ကြောက်စိတ်တို့မှာ တဖြည်းဖြည်း လျော့ပါးလာခဲ့တော့သည်။

"ဘာဖြစ်သလဲ မိုမို။ နေမကောင်းဘူးလား"

"ဘာမှမဖြစ်ပါဘူး။ ခေါင်းနည်းနည်း မူးသွားလို့ပါ။ မောင့်ကို စိတ်ပူစေမိပြီ ..."

"မဟုတ်တာကွာ ... တကယ်ရော ရရဲ့လား"

ခက်အက်အက် မောင့်အသံတွင် ပူပန်မှုတို့ပါ၏။ မိုမိုနဲ့ ပတ်သက်လျှင် တည်ကြည်ခန့်ညားကာ လူအများ၏ လေးစားခံဖြစ်သော သားရဲကြီးဟူသည့်ပုံရိပ်များ ပျောက်ကွယ်လျှက် ကလေးပျောက်သွားမည်ကို စိုးရိမ်နေသော အမေကဲ့သို့ ပူပန်နေတတ်သည့် မောင့်ပုံစံကို မိုမို သိပ်သဘောကျရပါ၏။

"တကယ် ရတာပါ။ ဒါနဲ့ ခုနက ဘုန်းဘုန်းနဲ့ပြောနေကြတာ ကျွန်တော့်ကို တစ်ခုခုလိုက်ပြဖို့ ခေါ်လာတာဆို ..."

"အင်း ဟုတ်တယ်။ ကျောင်းနောက်ကို သွားရမှာ ဒါနဲ့ ဘုန်းဘုန်းရော ..."

"ကျက်သရေဆောင်ထဲ ဝင်သွားတယ်ရယ်"

မိုမို့အား စိုးရိမ်တကြီး လိုက်ကြည့်နေသော မျက်ဝန်းများအောက် မနေလိုစွာ ကျောင်းနောက်သို့ တစ်ယောက်တည်း ထွက်လာလိုက်သည်။

ဘုန်းဘုန်းပြောသည့် စကားများ ကြားပြီးကတည်းက ဘာကြောင့်ရယ်မသိ မိုမိုနှင့်နေလျှင် မောင် ထိခိုက်လိမ့်မည်ဟု မသိစိတ်က ပြောနေသယောင်ရှိ၏။

'ရွေးချယ်ရတာတွေကို မုန်းတယ် မောင်။ ကျွန်တော် ရွေးချယ်မိလိုက်တဲ့အရာတိုင်းက မောင့်ကိုပဲ နာကျင်စေလို့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း သိပ်မုန်းတယ်'

***

## အပိုင်း(၁၇)

ဘီလူးနှစ်ကောင် စောင့်နေသည့်ပုံ ကနုတ်ထွင်းထားသည့် ကျွန်းတံခါးကြီးအား ဖွင့်လိုက်သော် မြင်ရသည်က မိုမို ထင်ထားသလို ကျောင်းအနောက်ဘက် မြေကွက်လပ်မဟုတ် အခန်းငယ်တစ်ခုသာ ဖြစ်၏။ ထိုအခန်းမှာ မှောင်မိုက်နေပြီး နေ့ဘက်ကြီးတောင် ရေနံဆီမီးအိမ် ထွန်းထားရသည်။ ကြောင်လှေကားကဲ့သို့ အောက်ကိုဆင်းသည့် လှေကားတစ်ခုလည်းရှိ၏။ မောင်က ရေနံဆီမီးအိမ်ကိုယူကာ မိုမို့လက်အား ဖွဖွကလေးဆုပ်ကိုင်လာပြီး ...

"မကြောက်နဲ့နော် ...။ မောင် ရှိတယ်"

မိုမို ခေါင်းသာညိတ်ပြလိုက်ပြီး မှောင်မည်းမည်း လှေကားထစ်တွေကို ပြူးပြဲကြည့်ကာ ဆင်းလာခဲ့လိုက်သည်။ အောက်ရောက်လေ အအေးဓာတ်က ပိုလာလေဖြစ်ကာ အုပ်စုလိုက် သိုင်းလေ့ကျင့်သည့်အသံလို အော်ဟစ်သံများကိုလည်း ကြားလိုက်ရသဖြင့် မိုမို့ခင်ဗျာ တုန်သွားရရှာ၏။

"ဘာဖြစ်သလဲ ... ကြောက်လို့လား"

"ဟင့်အင်း နည်းနည်း အေးလာလို့။ ကျွန်တော် နှာချေမိတော့မယ် ..."

မောင်က လေသံလေးနှင့် မေးလာသည်ဖြစ်ရာ မိုမိုလည်း လေသံ တိုးတိုးကလေးနှင့် ပြန်ဖြေလိုက်သည်တွင် မောင်က အကျယ်ကြီး ထရယ်တော့၏။

"ဟား ... ဟား ... ပုံမှန်အသံနဲ့ ပြောလို့ ရပါတယ်ကွ"

"မသိဘူးလေ။ ဒါဖြင့် မောင်က ဘာကြောင့် အဲသည်လို စပြောသလဲ"

"မြေအောက်ခန်းဆိုတော့ အသံတွေ ပဲ့တင်ထပ်ရင် မင်း လန့်နေမယ် စိုးလို့ပါကွာ ..."

ပြောရင်းဆိုရင်းပင် သူ့သက္ကလတ်ကုတ်အား ချွတ်ကာ ဝတ်ပေးလာသည့် မောင့်ကို မိုမို မျက်စောင်း လှမ်းထိုးလိုက်၏။ မောင်က အသည်းယားသည့်ဟန် မိုမို့ပါးအား ဖွဖွကလေး လိမ်ဆွဲပြီး ...

"အရင်လို အူကြောင်ကြောင်ကလေး ပြန်ဖြစ်လာလို့ တော်သေးတာပေါ့။ မောင့်မယ် စိတ်ပူလိုက်ရတာ ..."

"မောင်နော်"

"ဟား ... ဟား ..."

"မောင်လွင်မင်းခန့်မောင် ရယ်လှချည်လား။ ဘာတွေများ သဘောကျစရာ ရှိတုံးကွဲ့"

ဆရာဝန်ကြီးအား ပုံမှန်မြင်နေကြပုံစံ မဟုတ်ဘဲ သိုင်းကျင့်သည့် ရှမ်းဘောင်းဘီအပွကြီးနှင့် မြင်ရသည်ကြောင့် မိုမိုအံ့ဩသွားရ၏။

"အာ ... ဦးကြီး ရောက်နေပလား ဆရာတော်ကြီး ပြောတော့ဖြင့် နောက်ကျမယ်ဆို ..."

"ကျုပ် အနောက်ပေါက်ကနေ တစ်ခါတည်း တန်းဝင်လာခဲ့တာ ... အပေါ်က ဆင်းလာတာ မဟုတ်ဘူး"

"သည်လိုကိုး ..."

"ဘကြီး မင်္ဂလာပါ"

"ဟေ ... သူလေးလည်း ပါလာတာလားကွဲ့"

မိုမို မောင့်အနောက်တွင် ပုန်းနေရာမှထွက်ကာ ဆရာဝန်ကြီးအား နှုတ်ဆက်လိုက်ရာ ဆရာဝန်ကြီးဟာလည်း အတော်အံ့ဩသွားပုံရ၏။

"ဟုတ်တယ် ဦးရီး ... ကျုပ် သူ့ကို အသိပေးတော့မလို့"

ဘကြီးက မောင့်စကားကို လက်ခံသလို ခေါင်းညိတ်ပြပြီး ...

"အိမ်ထောင်တစ်ခုမယ် တစ်ယောက်ကိုတစ်ယောက် ယုံကြည်တယ်ဆိုတာ မင်္ဂလာတစ်ပါးပါ။ သည်ကလေးဟာ မောင်ရင်ကိုယ်တိုင် ရွေးချယ်ထားတဲ့လူဆိုတော့ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က လက်ခံပေးရမှာပါ"

"ကျေးဇူးတင်ပါတယ် ဦးရီး။ ကျုပ် ကတိပေးပါတယ် ကျုပ်လူကြောင့် ဦးရီးတို့ စိတ်မပျက်စေရပါဘူး"

"ကောင်းပါပြီ။ ဒါဖြင့်လည်း ကလေးကို နေရာတွေ လိုက်ပြချေဦး"

မိုမို သည်နေရာသို့ စရောက်ကတည်းက မောင်တို့ချင်း ပြောနေသည့် စကားများကို ကြိုးစား နားထောင်သော်လည်း နားမလည်။ ပြောနေကြသည်မှာ မြန်မာစကားပင် ဖြစ်သော်ငြား မိုမို့အဖို့ နားမလည်နိုင် ရှိနေ၏။ စိတ်ရှုပ်လာသဖြင့် မျက်မှောင်ကုတ်ကာ မောင့်အား ကြည့်မိတော့ ...

"ဘာတွေပြောနေသလဲ နားမလည် ဖြစ်နေသလား မောင်ရှင်းပြပါမယ်။ လာ မောင့်နောက်လိုက်ခဲ့ချည်"

မိုမိုတို့ ရပ်နေသည့် လှေကားနားမှ နည်းနည်း လျှောက်လာသော် ဟောခန်းပုံစံ ဖွဲ့စည်းထားသော အခန်းတစ်ခုသို့ ရောက်လာ၏။ သဲဖြူခင်းထားသည့် မြေကွက်လပ်ပေါ် ရှမ်းအမျိုးသားကြီးများ ဝတ်ကြသည့် ဖျင်နီဘောင်းဘီနှင့် အင်္ကျီကိုယ်ကျပ် အမျိုးသားများမှာ သိုင်းသင်နေကြ၏။ အနည်းဆုံး အယောက်တစ်ရာခန့် ရှိလိမ့်မည်ဖြစ်ကာ ထိုထက်လည်း ပိုချင်ပိုနိုင်၏။

ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေးကားကားနှင့် အချို့မှာ သျှောင်ထုံးကြီးများပင် ထုံးထားသေး၏။ ညိုတိုတို အသားအရေများအပေါ်

ဝါးမီးတုတ်တို့မှ အလင်းရောင်ကြောင့် ချွေးစိုနေသည့်ခန္ဓာကိုယ်မှ ကြွက်သားတို့က ထင်ရှားလှပြီး သေသပ်ညင်သာသည့် လှုပ်ရှား ဟန်များကြောင့် စနစ်တကျ လေ့ကျင့်ခံထားရသည့် တပ်ဖွဲ့တစ်စုဆိုသည်မှာ ပေါ်လွင်လှ၏။

"သည်လူတွေကို လေနီကြမ်း တပ်သားတွေလို့ခေါ်တယ်။ မုန်တိုင်းဂိုဏ်းရဲ့ လေနီကြမ်း တပ်သားတွေပေါ့ ..."

မုန်တိုင်းဂိုဏ်း၊ လေနီကြမ်းတပ်သား သည်နာမည်တွေကို မိုမို မသေခင် ဘဝကပင် ရင်းရင်းနှီးနှီး ကြားဖူးနေပါ၏။ မောင့်ကို နိုင်ငံရေး အသိုင်းအဝိုင်းကြား မိစ္ဆာသားရဲကြီးအဖြစ် လူအများရှိန်ရသည့် အကြောင်းအရင်းမှာ သည်လေနီကြမ်းဂိုဏ်းကြောင့်ဟု ဆိုလျှင်လည်း မမှားနိုင်။

ထိုခေတ်၊ ထိုအခါက မည်မျှပင် ဗြိတိသျှလက်အောက်၌ တာဝန် ထမ်းဆောင် နေကြသည်ဆိုဆို နေရာအနှံ့ ဆူပူမှုများ ဖြစ်ပွားနေကြသည့်အတွက် ရာထူးကြီးသည့်လူများ စည်းစိမ်ကြွယ်ဝသည့် လူများသည် လုံခြုံရေးအကြောင်းပြလျက် တရားမဝင် ဂိုဏ်းများဖွဲ့စည်းကာ အစောင့်ရှောက်ခံကြ၏။ တချို့က မိမိတို့စည်းစိမ်အား ကာကွယ်ရန် ဖြစ်သော်ငြား ဂိုဏ်းအင်အား ကြီးလာသည်နှင့်အမျှ ရှာငယ်ဇနပုဒ်များတွင် လုယက်ခြင်း၊ ဓားပြတိုက်ခြင်းတို့ကို ကျူးလွန်လာကြတော့သည်။

မိမိတို့ အာဏာစက်အား နှောင့်ယှက်လာသည်ဟုဆိုကာ ထိုဂိုဏ်းများ ပေါ်ပေါက်လာခြင်းအား မျက်ခုံးလှုပ်နေသော ဗြိတိသျှအာဏာပိုင်တို့မှာ အခွင့်ရေးရသည်နှင့် အင်အားသုံး ဖယ်ရှားကာ နောက်နောင်တွင်လည်း ဖွဲ့စည်းခွင့်မပြုတော့။ တရားမဝင် ဖွဲ့စည်းသူများ ရှိသေးသော်လည်း တရားမဝင်ဟူသည့် ဝေါဟာရနောက် လုံခြုံမှုသည်လည်း အရင်ကလောက် အာမခံမရှိပေ။

မိုးကြိုးဂိုဏ်းသည်လည်း တခြားဂိုဏ်းများနည်းတူ အာဏာပိုင်များ မျက်ခုံးလှုပ်ရသည်အထိ အင်အား ကြီးထွားလာသော်လည်း အနေအထိုင် လျှို့ဝှက်မှုနှင့် ဂိုဏ်း၏ သံမဏိ စည်းမျဉ်းများကြောင့် ရှိသည်ကို သိ သော်လည်း မည်သူမှ မတွေ့မမြင်ဖူးကြရာ လေလိုဂိုဏ်းဟုသာ မှတ်ယူကြ ရတော့၏။ သို့သော် လေပြည်တော့ မဟုတ် လေနီကြမ်းသာ ဖြစ်၏။ ပျက်စီးခြင်းကို ယူဆောင်လာမည့် မုန်တိုင်းကို ဖန်တီးနိုင်သော လေနီကြမ်း ဂိုဏ်းသားများကြောင့် နောက်ကွယ် ကြိုးကိုင်သူဖြစ်သည့် မောင့်ကို တော်ရုံ အပြစ်မပြုရဲကြ။

အာဏာပိုင်အချို့ မြို့တော်တွင်း မဖော်ထုတ်နိုင်သည့် အချို့ဒုစရိုက်မှုများ ကိုပင် ဂိုဏ်းသားများ အကူအညီနှင့် စုံစမ်းဖော်ထုတ်ခိုင်းရသည်အထိ ဂိုဏ်း၏အာဏာစက်က ကျယ်ပြန့်လှ၏။ ထို့ကြောင့် မြို့တော်တွင် မုန်တိုင်း ဂိုဏ်းဟုဆိုလျှင် ကြောက်ရွံ့အားကျကာ တပည့်ခံချင်သည့်ဂိုဏ်းများ ဒုနှင့် ဒေးရှိသော်လည်း မနာလိုသည့် ဂိုဏ်းများလည်း မရေတွက်နိုင်အောင်ရှိ၏။ ဥပမာဆိုရသော် မိုမို့ဖခင် တစ်ဖြစ်လဲ တိုက်သူကြီးမင်း ဦးညွှန့်မို၏ သိမ်းငှက်ဂိုဏ်းပင်ဖြစ်သည်။

ယခင်ဘဝကဖြင့် မမကြီးနှင့် လက်မထပ်ပေးနိုင်ခဲ့သော်လည်း မမကြီးကို မိုမိုတို့ အိမ်အရောက်ပို့ကာ ဂိုဏ်း၏လျှို့ဝှက်ချက်များကို စုံစမ်းခိုင်းခဲ့၏။ မမ ကြီးရောက်ပြီး သိပ်မကြာ မိုမိုအိမ်က ထွက်သွားခဲ့သဖြင့် နောက်ပိုင်း ဘာ ဆက်ဖြစ်သည်လည်း သေချာမသိခဲ့ရ။ သို့သော် မိုမို ရေထဲပစ်ချမခံရခင် မမ ကြီးပြောခဲ့သည့် မောင်ဟာ မိုမို့ကို သူ့ဘဝနဲ့လဲခဲ့တယ်ဆိုသည့် စကား ကြောင့် မိုမို့ စိတ်ထဲဇဝေဇဝါ။

အဆောက်အဦမှာ မြေအောက်ခန်းဖြစ်သဖြင့် အမိုးမှာ သဘာဝမြေကြီး ဖြ စ်သော်လည်း ကြမ်းပြင်ကိုမူ သဲဖြူခင်းထား၏။ နံရံများကို ကျောက်သားနှင့်

ပြုလုပ်ထားသဖြင့် အေးစိမ့်နေကာ နေခင်းနေ့လယ်ကြီးတောင် မှောင်မိုက်နေသဖြင့် မီးတုတ်များကို မပြတ်ထွန်းထားရသည်။ လေ့ကျင့်ကွင်းနှားငှက်ပျောပင်များ စိုက်ထားပြီး မြေအောက် စမ်းချောင်းကလေးလည်း ရှိသေးသည်ဟု မောင်ကဆို၏။

"မောင်"

"ဗျ"

"သည်အဆောက်အဦ တစ်ခုလုံးက ဘယ်လောက်ကျယ်သလဲ"

"တစ်ဧကကျော် ကျယ်တယ် "

"အို ... အကျယ်ကြီးပဲ"

"အင်း ...။ ခုနက ဦးကြီးဝင်လာတဲ့ အပေါက်ကထွက်ရင် အနောက်ဘက်တောကို ရောက်တယ်"

"ကျွန်တော်တို့ နံ့သာသွားခုတ်တဲ့ အနောက်ဘက်တောလား"

"အင်း ..."

ရွာဦးဘုန်းကြီးကျောင်းမှာ ရွာ၏တောင်ဘက်တွင်ရှိပြီး အနောက်ဘက်တောသို့သွားလျှင် တစ်ကွေ့တစ်ပတ်ကြီး သွားရသည် ဖြစ်သော်လည်း တစ်ဧကထက်မက ရှိမည်ဟု မိုမို ထင်၏။

"တစ်ဧက ကပ့်မလား မောင်ရဲ့ သည်လောက် အကျယ်ကြီးဟာ ..."

"တစ်ဧကဆိုတာ သည်ကျောက်သား အဆောက်အဦကိုပဲပြောတာ။ လေ့ကျင့်ကွင်းတွေ ငှက်ပျောခင်းတွေ စမ်းချောင်းတွေနဲ့ပါဆို ဘယ်ကပ့်မလဲ"

မောင် ပြောပြသည်များကို နားထောင်ရင်း တဖြည်းဖြည်း လျှောက်လာခဲ့ရာ အခန်းတစ်ခုကို ရောက်လာ၏။ ထိုအခန်းသည်လည်း အခြားအခန်းများ

နည်းတူ သဲဖြူခင်းကာ မီးတိုင်ထွန်းထားသည့်အပြင် ကွပ်ပျစ်မကျသော တစ်ယောက်အိပ် ခုတင်များစွာ ရှိ၏။

"သည်ဟာက မှင်ကြောင်ထိုးတဲ့ အခန်းလေ။ ဂိုဏ်းထဲကို ဝင်မယ်ဆို ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ စစ်ဆေးမှုတွေကို စစ်ဆေးခံပြီး သည်မှာ ဆေးမင် လာထိုးရတယ်။ ဆေးအောင်မှ ဂိုဏ်းထဲ ဝင်ခွင့်ပြုတယ်။ တစ်နှစ်ပြီးတစ်နှစ် တိုးလာတဲ့ ရာထူးနဲ့ကိုယ်ခံပညာအလိုက် သက်ဆိုင်ရာ အရုပ်တွေကို ထပ်ထိုးချင် ထိုးလို့ရတယ် "

"ဘယ်လိုမျိုးလဲဟင်"

"သည်မှာ ထိုးပေးတဲ့အရုပ်တွေက သာမန်အရုပ်တွေမဟုတ်ဘူး။ တစ်ယောက်ချင်းစီရဲ့ ဇာတာခွင်နဲ့တွက်ပြီး ပညာစွမ်းအောင် ထိုးပေးတာ ကြောင်ရုပ်ရှိတဲ့ လူတွေဟာ ကြောင်တစ်ကောင်လို ပေ့ါပါးဖျတ်လတ်လာပြီး ကျားရုပ်ရှိတဲ့ လူတွေဟာဖြင့် ကျားတစ်ကောင်လို သန်မာလာတယ်ပေ့ါ။ တခြားမြင်းတို့၊ ဘီလူးတို့၊ ဇော်ဂျီရုပ်တို့ဟာလည်း သက်ဆိုင်ရာစွမ်းအား အသီးသီးကို ရကြတယ်။ တုတ်ပြီး၊ ဓားပြီး ဆေးတွေကိုလည်း ရာထူးအလိုက် ထိုးပေးတယ်။ တစ်ခုတော့ရှိတယ် ဆေးအောင်တဲ့လူတိုင်းဟာ ဘယ်လောက်ပဲ ဒုစရိုက်မှုတွေ လုပ်နေတယ်ဆိုဦး လပြည့်လကွယ်(၂)ရက်တော့ သားကြီးငါးကြီးရှောင်ပြီး ငါးပါးသီလကို လုံအောင်ထိန်းရတယ် ဒါမှသာ ဆေးကစွမ်းတယ်"

"ဆန်းကြယ်လိုက်တာ ...။ သည်လိုဆိုဖြင့် မောင့်နဂါးရုပ်ကလည်း တအားစွမ်းမှာပေ့ါနော်။ နဂါးတွေလို မီးမှုတ်လို့ ရသလားဟင်"

"ဟေ ဟား ... ဟား ..."

မောင်က အသံထွက်အောင် ရယ်မောပြီး မျက်လုံးထောင့်ကို လက်ဖြင့် သုတ်ကာ ...

"မောင်ဖြင့် တစ်ခါမှ မမှတ်ဖူးတော့ မသိဘူးကွယ်။ ဘာဖြစ်လို့လဲ မီးထွက်ရင် အိမ်မယ် မောင့်အားကိုးနဲ့ မီတာမဆောင်ဘဲ နေတော့မလို့လား"

"မောင်နော် ... ကျွန်တော်က မသိလို့မေးတဲ့ဟာကို အကောင်းမဖြေဘူး"

"အဟမ်း ... အဟမ်း ... ကောင်းပြီ မောင် မစတော့ဘူး။ တကယ်က နဂါးဆိုတာဟာ အကြီးအကဲကို ကိုယ်စားပြုတာ။ သူနဲ့ပတ်သက်တဲ့ စွမ်းအားတော့ ပိုင်ဆိုင်ပေမဲ့ ကိုယ်ပျောက်တာတို့၊ အသွင်ပြောင်းတာတို့၊ မီးမှုတ်တာတို့တော့ မောင် မလုပ်နိုင်ဘူးရယ်"

မောင်က အတည်ပြောနေသည် ဆိုသော်လည်း မျက်လုံးတို့က မိုမို့အား စနောက်ချင်ဟန် ရယ်မြူးရိပ်တို့သန်းနေ၏။ သို့သော် မိုမို ထိုကိစ္စကို အာရုံသိပ်မရောက်။ သက်ဆိုင်ရာ စွမ်းအား ပိုင်ဆိုင်ထားတယ်ဟူသည့် စကားကြောင့် မျက်လုံးများမှာ အရောင် တဖျတ်ဖျတ်လက်လာ၏။

"ထားပါလေ ...။ သည်လိုဆိုရင် ဂိုဏ်းသားတွေကိုကျ ဘယ်လိုရွေးလဲဟင်"

"အဲဒီလိုမရှိဘူး ...။ ဒီဂိုဏ်းမယ် မြို့တော်အရာရှိတွေကစလို့ ခိုးဆိုးလုနှိုက်အဆုံး အသက်ပြည့်ပြီးသား ဘယ်လိုယောကျ်ားသားမဆို ဝင်ခွင့်ရှိတယ်။ သည်ဂိုဏ်းကို ဖွဲ့စည်းဖြစ်တဲ့ ရည်ရွယ်ချက်က မောင်ကိုယ့်မောင် လူစွမ်းကောင်းအဖြစ် ခံယူချင်လို့မဟုတ်ဘူး။ လူဆိုးလေးတွေကို လူယုတ်မာကြီးတွေအဖြစ် အသွင်မပြောင်းစေချင်ရုံပါ"

"မောင်က တော်လိုက်တာ ...။ ဟုတ်ပြီလေ သည်လိုဖြင့် ကျွန်တော်လည်း ဂိုဏ်းထဲဝင်မယ်"

"ဘာရယ် ..."

"မောင့်အားကိုးနဲ့ဝင်မှာ မဟုတ်ဘူး စိတ်ချ။ ကျွန်တော်လည်း သူများတွေ

နည်းတူ ခန္ဓာကိုယ်ကြံ့ခိုင်မှုတွေ စစ်ဆေးပြီး ဆေးအောင်မှ ဝင်မှာပါ"

မျက်နှာအား မော်ချီကာ ယုံကြည်မှုရှိရှိ ပြောလာသည့် ယောက်ျားပိစိကြောင့် လွင်မင်းခန့်မောင် မျက်မှောင်ကြုတ်ကာ ငုံကြည့်မိသည်။ လူကြည့်တော့ ခွေးပစ်သည့် တုတ်လောက် အရပ်နှင့် လေတိုက်လျှင်တောင် လဲမည့်သူက ခန္ဓာကိုယ်ကြံ့ခိုင်မှု စစ်ဆေးဦးမည်တဲ့။

အဲဒါက အကြောင်းမဟုတ်။ ဘယ်လိုပဲဖြစ်ဖြစ် အငြင်းခံရမည် ဖြစ်သောကြောင့် စိတ်မပူသော်လည်း သည်လောက် လူအများကြီးရှေ့ အကျီကိုယ်ကျွတ်နှင့် ဟန်ရေးပြမည့်အရေးအား ခွင့်မပြုနိုင်သည်ဖြစ်ရာ သည်ကိစ္စကို နည်းနည်းလေးမှ အလျှော့ပေးလို့မဖြစ်ဟု တွေးမိသည်။ ထို့ကြောင့် ...

"မရဘူး။ မောင် လုံးဝသဘောမတူလို့ စိတ်တောင်မကူးနဲ့"

"မောင်ကလည်း ..."

"မရဘူးဆို မရဘူးဘဲ မိုမို။ မောင့်ကို စိတ်ဆိုးအောင် မလုပ်နဲ့"

"မောင်က မတရားတာပဲ။ ဘာဖြစ်လို့ မရသလဲဆိုတာလဲ မပြောဘဲ လူကို လာအော်နေတယ်"

"ဒါဖြင့် မင်းကရော ဘာဖြစ်လို့ ချက်ချင်းကြီး ဝင်ချင်သွားရသလဲ"

"ဟာ ... ခု ကျွန်တော်က ဂိုဏ်းရဲ့တည်နေရာရော လျှို့ဝှက်ချက်တွေကိုပါ သိတဲ့လူ ဖြစ်နေပြီလေ။ တစ်ယောက်ယောက်က ကျွန်တော့်ကို ရန်မပြုနိုင်ဘူးလို့ မောင် ပြောနိုင်သလား"

"မင်းကို စောင့်ရှောက်ဖို့ လူတွေရှိနေတာပဲ ..."

"ကိုယ်တိုင်တတ်တာနဲ့ တူမလား မောင်ရ"

"တူတယ် ... မရှည်နဲ့တော့ မထိုးရဘူးဆို မထိုးရဘူးပဲ"

"ဒါ မောင် တမင် စိတ်ပုပ်တာပဲ ...။ လူကို ခေါ်တုန်းကဖြင့် ခေါ်လာပြီးတော့ မရဘူး ထိုးမှာပဲ။ မထိုးခိုင်းရင် မောင်နဲ့ ဒီတစ်သက် စကားလုံးဝမပြောဘူး ကြည့်နေ ..."

"ကျစ် ... ဆိုးလိုက်တာကွာ။ ပြီးရော ... ပြီးရော စိတ်ချမ်းသာသလိုသာ လုပ်တော့"

မိုမို၏ ခြိမ်းခြောက်စကားမှာ အလုပ်ဖြစ်သွားပုံပေါ်၏။ မောင်က ခန္ဓာကိုယ် ကြံ့ခိုင်မှုတောင် မစစ်ဆေးတော့ဘဲ ဆေးမင်ထိုးပေးမည့် ဦးရီးတစ်ယောက်အား သူ့အတွက် လုပ်ထားသည့် သီးသန့် နားနေခန်းထဲသို့ ခေါ်လိုက်၏။ မိုမိုလည်း သုန်မှုန်နေသည့် မောင့်မျက်နှာကြီးအား လျစ်လျူရှုကာ အင်္ကျီချွတ်ပြီး မောင် အနားယူသည့် ခုတင်ပေါ် ဝမ်းလျားမှောက်လိုက်သည်။

"နည်းနည်း နာမယ်နော် မောင်ရင်ငယ်လေး ..."

"ရတယ် ဦးကြီး သည်လောက်ကတော့ ကျွန်တော်က အား ..."

ကျွန်တော်က ခံနိုင်ရည် ရှိပါတယ်ဟုတောင် ဆုံးအောင်မပြောလိုက်ရ ပခုံးထက်သို့ ပေါက်လိုက်သည့် သုံးထောင့်စူးကြောင့် ငယ်သံပါအောင်အော်ပြီး မိုမို့မှာ လောကကြီးနှင့် အဆက်အသွယ် ပြတ်သွားရတော့၏။

***

ရှည်လျားလှသော အိပ်မက်ကြီးတစ်ခုအား မက်ပြီးနောက် မိုမိုအိပ်နေရာမှ နိုးလာခဲ့သည်တွင် အရီးတို့အိမ်သို့ ပြန်ရောက်နေပြီဖြစ်သည်။

"နိုးလာပြီလား"

ရေဇလုံကိုင်၍ အခန်းထဲဝင်လာသော မောင်က မိုမို နိုးနေသည်ကို တွေ့သောအခါ ထိုင်ဖို့လာကူပေး၏။ အိပ်နေတုန်းက မနာသော်လည်း ပခုံး

ထက်ဆီက စူးခနဲ အောင့်လာ၏။

"အာ့ ..."

"တအား နာနေသလား"

"နည်းနည်းပါ ... မောင် ကျွန်တော့်ကို မှန်ယူပေးပါလား "

မောင်က အနည်းငယ် တွန့်ဆုတ်နေပုံရပြီး အရိုးဆီမှ မှန်တောင်းကာ ယူလာပေး၏။ အရိုး သနပ်ခါးလူးသည့်ခုံမှ ဖြုတ်လာပုံရကာ ထိုင်နေလျှင် မိုမို့ တစ်ကိုယ်လုံးကိုပင် မြင်နိုင်၏။ သို့ပါသော်လည်း ညိုသောကျောပြင်နှင့် ပခုံးထက် ရှင်းလင်းနေကာ မင်ခြစ်ရာ တစ်ရာတောင် မတွေ့သဖြင့် ...

"မောင် ပုံက ထိုးပြီးချင်းချင်း မပေါ်ဘူးလား။ ဘယ်နှရက်ကြာမှ ပေါ်သလဲ ..."

"ပေါ်ပါတယ်ကွ ..."

"ဒါဖြင့် ကျွန်တော့်မယ် ဘာဖြစ်လို့ မရှိသလဲ ..."

"ရှိပါတယ်ကွ သေချာ ကြည့်စမ်းပါ"

မောင့်စကားကြောင့် မိုမိုလည်း အဝေးတွင် ထိုင်နေရာမှ မှန်ကိုင်ထားသော မောင့်အနားသို့တိုးကာ ကြည့်လိုက်သည်။ ပခုံးထက်ရောင်နေသည့် နေရာနားတွင် သုံးထောင့်စူးဖြင့် ဖောက်ထားသော မင်စက်တစ်စက်က မိုမို့အား ပြောင်နေသယောင် ရှိ၏။

"မောင် သည်ဟာက ဘယ်လို ဖြစ်တာတုံး။ ကျွန်တော်က ကြောင်ရုပ်ဖြစ်ဖြစ်၊ ကျားရုပ်ဖြစ်ဖြစ် အကောင်တစ်ကောင်ကောင် ဖြစ်မယ် ထင်ထားတာလေ ..."

မိုမို့ မျက်နှာမှာ စူပုတ်နေကာ အနိုင်ကျင့်ခံရသည့် ကလေးတစ်ယောက်လို မကြာမီ ငိုချတော့မည့် အရိပ်အယောင်များ တွေ့လာရသဖြင့် ...

"သည်ဟာက သည်လိုရှိတယ်။ မောင် ပြောဖူးတယ်လေ ဆေးမင်ထိုးတဲ့ အခါမယ် ထိုးမယ့်လူရဲ့ဇာတာခွင်ကိုလိုက်ပြီး ထိုးကြရတယ်လို့လေ ..."

"အင့် ... အဲဒါဘာဖြစ်သလဲ"

"အဲဒါ မင့်ဇာတာခွင်ကို တွက်ကြည့်တော့ ကြယ်ဖြစ်နေတယ်တဲ့။ မောင့်ကို လမ်းပြပေးမယ့် ကြယ်ကလေးလေ။ အဲဒါကြောင့် ကြယ်ပုံ ထိုးပေးလိုက်တာရယ်။ သေချာကြည့် ကြယ်ပုံလေးကို ဘေးမယ်ရောင်စဉ်တွေ ဖြာထွက်နေတာ တွေ့သလား"

မောင့်မျက်နှာမှာ ကျီစားလိုဟန်မရှိ ပကတိ တည်ငြိမ်နေသဖြင့် တစ်ဖန်မှန်နားကပ်ကာ ပခုံးပေါ်မှ မင်စက်အား သေချာ ကြည့်မိသည်။ အမှန်ပင် ဆေးသားများမှာ ဘေးသို့ပျံ့နေပြီး မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးနှင့်တူသဖြင့် မိုမို စိတ်ကျေနပ် သွားရတော့သည်။

"အို ... ဟုတ်သား"

"ခုဆို ခင်ဗျားလေးက လေနီကြမ်းတပ်ဖွဲ့ရဲ့ အငယ်ဆုံး တပ်သားကလေး ဖြစ်သွားပြီနော်။ ဆေးရုပ်စွမ်းအောင် လပြည့်နဲ့အခါကြီးရက်ကြီးတွေမှာ ငါးပါးသီလယူပြီး အသားငါးရှောင်ရမယ် ကြားသလား ..."

"ဟုတ် မိုမို နားလည်ပါပြီ ဂိုဏ်းချုပ်ကြီး"

ပျော်ရွှင် တက်ကြွနေသည့် ခင်ပွန်းငယ်၏အသံကိုကြားမှ မြို့အုပ်မင်းကြီးမှာ နဖူးပေါ် ခိုသီးနေသည့် ချွေးစက်တို့ကို လူမမြင်အောင် ခိုးသုတ်ရသည်။ အမှန်က အာဂသတ္တိခဲလေးသည် ဆေးတစ်ချက် ပေါက်ပြီးနောက် ရှန်းကန်အော်ဟစ်ကာ မေ့လဲသွားသဖြင့် ဆေးများပြန့်ကာ ယခုကဲ့သို့ ကြယ်ပုံဖြစ်သွားခြင်းပင်။ ထို့ကြောင့် လွင်မင်းခန့်မောင်သည်လည်း ရသည့်အခွင့်ရေးအား လက်လွတ်မခံကာ မေ့နေသည့်ကိုယ်လေးအားပွေ့ပြီး ချက်ချင်း အိမ်

ပြန်ပြေးလာခဲ့ရသည်။

ထိုနေရာသို့ ထိုကောင်လေးအား ခေါ်သွားခဲ့သည်မှာ မိမိလှို့ဝှက်ချက် မှန်သမျှ သိစေချင်ရုံသာဖြစ်ပြီး နူးနူးညံ့ညံ့ကောင်ကလေးက ထိုအဖွဲ့ထဲ ဝင်ချင်လိမ့်မည်ဟု ထင်မထားပေ။ ယခုတော့ လေနီကြမ်းအဖွဲ့ဝင် ဖြစ်သွားသဖြင့် ပျော်နေသည့် ကောင်လေးအား ကြည့်ကာ ဆရာတော်ကြီးဆီမှ ငါးပါးသီလ ပြန်တောင်းခံရမည့်အကြောင်း တွေးနေမိသဖြင့် သက်ပြင်း ခပ်ယဲ့ယဲ့ ချမိတော့သည်။

***